သံဃာသမဂ္ဂ (မန္တလေး)

# သဘောထားထုတ်ပြန်ချက်

ကြေညာချက်အမှတ် - ၄/၂၀၂၁

ရက်စွဲ - (၂၄.၁၂.၂၀၂၁)

ဖေဖော်ဝါရီ (၁) ရက်နေ့ အာဏာသိမ်းချိန်မှစ၍ စစ်အာဏာရှင်ကို ငြိမ်းချမ်းစွာဆန့်ကျင်ခဲ့သော ပြည်သူများအား စစ်တပ်က အကြမ်းဖက် ဖမ်းဆီးဖိနှိပ်သတ်ဖြတ်လျက်ရှိသည်မှာ မြန်မာသိ၊ ကမ္ဘာသိ ဖြစ်ပါသည်။

ယခုဆိုလျှင် ဂန့်ဂေါ၊ ယော၊ ကလေး၊ အရာတော် မုံရွာတစ်ဝိုက် တော်လှန်ရေးအင်အားစုများရဲ့ သတင်းထုတ်ပြန်ချက်များအရ အကြမ်းဖက်စစ်ကောင်စီတပ်များက ဘုန်းကြီးအတုအယောင်များဖန်တီးကာ သင်္ကန်းဝတ်လျက် အဖိနှိပ်ခံပြည်သူများအား အကြမ်းဖက်မှုများ ပြုလုပ်လျက်ရှိသည်ကို ကြားသိရပါသည်။

အလားတူစွာပင် အကြမ်းဖက်စစ်ကောင်စီ၏ လက်အောက်ခံ အကြမ်းဖက်စစ်တပ်ကလည်း ဒေသတွင်းအသီးသီးရှိ သာသနိကအဆောက်အဦးများတွင် တပ်စွဲနေထိုင်ကြလျက် အကြမ်းဖက်မှု များကို ကျူးလွန်နေကြပါသည်။

အကြမ်းဖက်စစ်ကောင်စီ၏လုပ်ရပ်များကို သံဃာသမဂ္ဂ အနေဖြင့် ရှုတ်ချခဲ့ပြီးဖြစ်သည့်အပြင် ပြည်သူနှင့်အတူ ယခုအချိန်အထိ တိုက်ပွဲဝင်လျက်ရှိပါသည်။

ယခုကာလသည် အကြမ်းဖက်စစ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံအတွင်း၌ အကြမ်းဖက်မှုမျိုးစုံကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေသည့် အချိန်ကာလလည်း ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်စစ်ကောင်စီ၏ ဘာသာရေးလှည့်ကွက်များအတွင်း ကျရောက်ခြင်း မရှိစေရန် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများအားလုံး၊ ဘာသာ၊ လူမျိုး မခွဲခြားဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အထူးသတိထား၍ နေထိုင်ပေးကြပါရန်နှင့် ဘုန်းကြီးအတုအယောင်များက သင်္ကန်းဝတ်လျက် အကြမ်းဖက်မှုများကို ပြုလုပ်လာနိုင်သည့် ဘေးအန္တရာယ်များကို ရှောင်ရှားနိုင်ကြရန် အသိပေးလိုပါသည်။

ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီ၏ ဘာသာရေးကို အသုံးချကာ သင်္ကန်းဝတ်အတုအယောင်များ ဖန်တီးလျက် အဖိနှိပ်ခံပြည်သူလူထုအပေါ် အနိုင်ကျင့်နှိပ်စက် သတ်ဖြတ်နေမှုများကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချသည်။

သံဃာသမဂ္ဂ (မန္တလေး)